| 2. Contact No. ဆက်သွယ်ရန်<br>585255 585255<br>Telephone No. တယ်လီဖုန်းနံပါတ် / Fax No. ဖက်စ်နံပါတ် / Telex No. တဲလက်စ်နံပါတ် | |
| 3. Business Registration No. 2041/2005-2006 (9.2.2006)<br>လုပ်ငန်းမှတ်ပုံတင်အမှတ် | |

5. Type of Business လုပ်ငန်းအမျိုးအစား:

☐ a) Sole Proprietorship တစ်ဦးတည်းပိုင်
☐ b) Partnership အစုစပ်
☑ c) Limited Company (Myanmar or Foreign) လီမိတက်ကုမ္ပဏီ (မြန်မာ/နိုင်ငံခြား)
☐ d) Co-operative Society သမဝါယမအသင်း
☐ e) Others (please specify) PRODUCTION
အခြား (ဖော်ပြရန်) ကျောဘက်ပါလုပ်ငန်း(၄)မျိုး ဆောင်ရွက်ခွင့်ရှိသည်။

6. Terms and Conditions စည်းကမ်းချက်များ:

I hereby register the above mentioned enterprise as Exporter / Importer subject to the following terms and conditions:
အောက်ဖော်ပြပါ စည်းကမ်းချက်များဖြင့် ထုတ်ကုန်သွင်းကုန် လုပ်ငန်းရှင်အဖြစ် မှတ်ပုံတင်ခွင့်ပြုသည်။

(a) Line of goods permitted - all items except prohibited and restricted items.
ခွင့်ပြုသည့်ကုန်ပစ္စည်းအမျိုးအမည် တားမြစ်ကန့်သတ်ထားသော ကုန်ပစ္စည်းအမယ်များမှလွဲ၍ ကျန်ပစ္စည်းများအားလုံး

(b) The enterprise must abide by the Export/ Import Rules and Regulations prescribed for the registered Exporters/Importers.
လုပ်ငန်းရှင်သည် မှတ်ပုံတင် ထုတ်ကုန်သွင်းကုန်လုပ်ငန်း လုပ်ကိုင်သူများ လိုက်နာရမည့် စည်းကမ်းချက်များကို လိုက်နာရမည်။

(c) The registration is valid for TWO year(s) up to 11-4-2006 TO 8-2-2008
မှတ်ပုံတင်သက်တမ်း နှစ် နေ့ထိ
မှတ်ချက်။ ။ကုမ္ပဏီမှတ်ပုံတင်သက်တမ်းအတိုင်း ပေးခြင်းဖြစ်သည်။

Than ... 13/4/06
For DIRECTOR GENERAL
ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
THAN THAN EI - ASSISTANT DIRECTOR

Stamp
ရုံးတံဆိပ်
DIRECTORATE OF TRADE
No. ........
Date 11.4.2006
Export Import Policy & Registration Dept.

7. Extension of Export/Import Registration Period ထုတ်ကုန် သွင်းကုန်လုပ်ငန်း လုပ်ငန်းရှင် မှတ်ပုံတင်အား သက်တမ်းတိုးမြှင့်ပေးခြင်း

| Period Extended<br>သက်တမ်းတိုးမြှင့်သည့်ကာလ | | Authorised Signature & Name<br>ခွင့်ပြုသူလက်မှတ်နှင့်အမည် |
|---|---|---|
| (1) ........ နေ့မှ | up to ........ ထိ | ........ |
| (2) ........ နေ့မှ | up to ........ ထိ | ........ |
| (3) ........ နေ့မှ | up to ........ ထိ | ........ |

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

# ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

အမှတ် ၂၀၄၁ / ၂၀၀၅ - ၂၀၀၆

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအရ မြန်မာသံ ကေသာ ကုမ္ပဏီလီမိတက် အား ပေးရန်တာဝန် ကန့်သတ်ထားသော လီမိတက် ကုမ္ပဏီအဖြစ် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ လ ၉ ရက်နေ့တွင် မှတ်ပုံတင်ခွင့်ပြုလိုက်သည်။

( အောင်မျိုး )

ကုမ္ပဏီများမှတ်ပုံတင်အရာရှိ

ကုမ္ပဏီများမှတ်ပုံတင်ရုံး

စက်မှု/ထုတ်လုပ်မှု

INDUSTRIAL, PRODUCTION

THE GOVERNMENT OF THE UNION OF MYANMAR

MINISTRY OF NATIONAL PLANNING AND ECONOMIC DEVELOPMENT

# CERTIFICATE OF INCORPORATION

No. 2041 of 2005 - 200

I hereby certify that MYANMAR HAIR COMPANY LIMITED is this day incorporated under the Myanmar Companies Act and that the company is Limited.

Given under my hand at Yangon this NINTH day of FEBRUARY, TWO THOUSAND AND SIX.

စက်ရုံအလုပ်ရုံတည်ရှိရာအရပ်သည်
စက်မှုဇုန်မြို့ကွက်ဖြစ်ရပါမည်။
(သို့မဟုတ်) လူနေရပ်ကွက်နှင့်ကင်း
လွတ်ရာအရပ်ဖြစ်ရပါမည်။
ဟန်/၁၄၂၂၀၀၆

(A?NG MYO)

Registrar of Joint Stock Companies

Companies Registration Office

FORM VI

# RETURN OF ALLOTMENTS
# THE MYANMAR COMPANIES ACT.

(See Section 104)

(To be filed with the Registrar within one month after the Allotment is made)

Return of allotment ~~from the~~ made on 21st day of March 200 6.

on the of 200 of the * Myanmar Hair Co., Ltd.

Made pursuant to Section 104(1)

Number of the shares allotted payable in cash ..... 2100 Shares

" " " " .....

Nominal amount of the shares so allotted K. 10,000/-

" " " " .....

Amount paid or due and payable on each such share ..... K. 21,000,000/- (100% Fully Paid-up)

" " " " .....

Number of ordinary shares allotted for a consideration other than cash Nil

Nominal amount of the ordinary shares so allotted ..... Nil

Amount to be treated as paid on each such share ..... Nil

The consideration for which such share have been allotted is as follows:- Nil

---

NOTE: In making a return of allotments under Section 104(1) the Myanmar Companies Act., it is to be noted that-

1. When a return includes several allotments made on different dates, the actual date of only the first and last of such allotment should be entered at the tip of the front page, and the registration of the return should be effected within one month of the first date.

2. When a return relates to one allotment only, made on one particular date, that date only should be inserted and the spaces for the second date struck out and the world made substituted for the world "From" after the world "allotments" above.

Here insert name of Company.

Distinguish between preference, ordinary, or other description of shares.

FORM XXVI

PARTICULARS OF DIRECTORS, MANAGERS AND MANAGING AGENTS AND OF ANY CHANGES THEREIN

(Myanmar Companies Act, See Section 87)

Name of Company : Myanmar Hair Company Limited

Presented by : Daw Nyunt Nyunt Yi @ Mo Mo Khin
Managing Director

| | The present christian name or names of surnames | Nationality, National Registration Card No. | Usual Residential Address | Other Business Occupation | Changes |
|---|---|---|---|---|---|
| 1. | Daw Nyunt Nyunt Yi @ Mo Mo Khin | Myanmar 12/ Ou Ka Ma (Naing) 138348 | No.15(A), South Horse Race Course Road, Tarmway Township, Yangon. | Merchant | Appointed as Managing Director w.e.f 21-3-2006. |
| 2. | Daw Tin Kyi | Myanmar 12/ Ou Ka Ma (Naing) 138308 | No.380, Nwe Thar Ki (8) Street, North Okkalapa Township, Yangon. | Merchant | Appointed as Director w.e.f 21-3-2006. |

NOTE : (1) A complete list of the Directors or Managers or Managing Agents [illegible] existing in the last particulars.

(2) A note of the changes since the last list should be made in the column for "Changes" by placing against the new Director's name the word "in place of ........ and by writing against any former Director's name the word "dead" "resigned" or as the case may be giving the date of change against the entry.

Dated this 21-3-2006.

MYANMAR HAIR COMPANY LIMITED
No. ..
Date ..

Signature ........

Designation ........ MO MO K[illegible]
MANAGING DIR[illegible]TOR
MYANMAR HAIR CO[illegible]

လျှို့ဝှက်

# ပြည်ထောင်စု မြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

စာအမှတ် ၊ ရက-၆(ခ)/မ-၁၄၃၅/၂၀၀၇ (၁၆၇၄-၁၁)
ရက်စွဲ ၊ ၂၀၀၇ ခုနှစ်၊ ဧပြီလ ၂၅ ရက်။

### ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ အဖွဲ့သို့ တင်ပြသည့် အမှာစာ

အကြောင်းအရာ။ ။ မြန်မာဆံကေသာ ကုမ္ပဏီ လီမိတက် (Myanmar Hair Co., Ltd.) မှ CMP စနစ်ဖြင့် ဆံပင်တု ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်း ကိစ္စ။

၁။ မြန်မာ ကုမ္ပဏီ ဖြစ်သော မြန်မာဆံကေသာ ကုမ္ပဏီ လီမိတက် (Myanmar Hair Co., Ltd.)သည် မြေကွက်အမှတ် (၃၇)၊ ဖန်ချက်ဝန် ဦးရွှေအိုးလမ်း၊ ဒဂုံအရှေ့စက်မှုမြို့၊ အပိုင်း(၁)၊ ရန်ကုန်မြို့ရှိ မြေ(၂.၃၃)ဧက (၉၄၂၉.၁၈ စတုရန်းမီတာ)တွင် စက်ရုံ တည်ဆောက်ပြီး CMP စနစ်ဖြင့် ဆံပင်တုများ ထုတ်လုပ်ခြင်း လုပ်ငန်းကို မြန်မာနိုင်ငံ သားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ရန် အဆိုပြု တင်ပြလာ ပါသည်။

၂။ မြန်မာဆံကေသာ ကုမ္ပဏီ လီမိတက်၏ ကနဦး အဆိုပြုချက် တင်ပြစဉ်က ယာယီ အမည် မြန်မာထာဝရ လက်မှု အနုပညာ ကုမ္ပဏီလီမိတက် အမည်ဖြင့် ဆိုးလ်မြို့ရှိ မြန်မာသံရုံး၊ လျှပ်စစ် စွမ်းအား ဝန်ကြီးဌာန၊ အမှတ်(၁)စက်မှုဝန်ကြီး ဌာနနှင့် ဆောက်လုပ်ရေး ဝန်ကြီး ဌာနတို့မှ ကန့်ကွက် ရန် မရှိကြောင်း ပြန်ကြားချက်များ ရရှိပြီး ဖြစ်ပါသည်။ ယင်းအဆိုပြုချက်ကို (၁၃-၂-၂၀၀၇)နေ့ တွင် ကျင်းပသည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၆/၂၀၀၇) အစည်းအဝေး၊ (၁၄-၃-၂၀၀၇) နေ့တွင် ကျင်းပသည့် ကုန်သွယ်မှု မူဝါဒ ကောင်စီ၏ (၉/၂၀၀၇) အစည်းအဝေးသို့ တင်ပြခဲ့ရာ အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည်။

(က) အဆိုပြု တင်ပြခြင်း လုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုရန်၊

(ခ) မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၂ အရ စီးပွားဖြစ် လုပ်ငန်း စတင်သောနှစ် အပါအဝင် တဆက်တည်း (၃)နှစ် အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ပြုရန်။

(ဂ) ဆံပင်တု ထုတ်လုပ်ခြင်းကို ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင်ရွက်စေရန်၊

(ဃ) အစိုးရ အဖွဲ့သို့ ဆက်လက် တင်ပြရန်။

လျှို့ဝှက်

Myanmar Hair (Unicoad) (Cab) Z

၃။ အထက်ပါ ဆုံးဖြတ်ချက်အရ မြန်မာဆံကေသာ ကုမ္ပဏီ လီမိတက်မှ CMP စနစ်ဖြင့် ဆံပင်တုများ ထုတ်လုပ်ခြင်း လုပ်ငန်းကို ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင်ရွက်မည် ဖြစ်ကြောင်း ကတိဝန်ခံချက် တင်ပြလာသဖြင့် အစိုးရ အဖွဲ့သို့ ဆက်လက် တင်ပြခြင်း ဖြစ်ပါသည်။ အဆိုပြုချက်ကို နောက်ဆက်တွဲ (၁)ဖြင့် တင်ပြအပ်ပါသည်။

၄။ လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ စုစုပေါင်း ကျပ်(၉၀.၀၀)သန်း ဖြစ်ပါသည်။ စက်ပစ္စည်းများကို ပြည်တွင်း ကုမ္ပဏီ ဖြစ်သော Win Auto Electrical Engineering Co., Ltd. မှ ဝယ်ယူမည် ဖြစ်ကြောင်း အရောင်းအဝယ် စာချုပ် တင်ပြထားပြီး အဆိုပါ စက်ပစ္စည်းများမှာ ပြည်တွင်းတွင် ထုတ်လုပ်သော ပစ္စည်းများ ဖြစ်ကြောင်း တင်ပြထားပါသည်။ လုပ်ငန်း ဆောင်ရွက်မည့် မြေနေရာအတွက် မြို့ရွာနှင့် အိုးအိမ် ဖွံ့ဖြိုးရေး ဦးစီးဌာနသို့ မြေတန်ဖိုး ကျပ် (၂၇၉.၆၀)သိန်း ပေးသွင်းပြီးကြောင်း အဆောက်အဦ ဆောက်လုပ်ပြီးမှ မြို့ရွာနှင့် အိုးအိမ် ဖွံ့ဖြိုးရေး ဦးစီးဌာနမှ ဂရံထုတ်ပေးမည် ဖြစ်ပါသည်။

၅။ အဆိုပြု လုပ်ငန်းမှ CMP စနစ်ဖြင့် ဆံပင်တုများ ထုတ်လုပ်ပြီး ပြည်ပသို့ ၉၉ ရာခိုင်နှုန်း နှင့် ပြည်တွင်း တွင် (Reject) ၁ ရာခိုင်နှုန်း ရောင်းချမည် ဖြစ်ပါသည်။ အဆိုပြု ကုမ္ပဏီနှင့် CMP လုပ်ငန်း ဆောင်ရွက်မည့် ကိုရီးယားသမ္မတနိုင်ငံရှိ Eura Commerce Co., Ltd. သည် ကိုရီးယား ကုမ္ပဏီ ဖြစ်သော်လည်း တရုတ်ပြည်သူ့ သမ္မတနိုင်ငံ Tianjin တွင် ဆံပင်တု ထုတ်လုပ်သည့် စက်ရုံ တည်ထောင်ထားပြီး ထုတ်ကုန်၏ ၈၀ ရာခိုင်နှုန်းကို ဂျပန်နိုင်ငံသို့ လည်းကောင်း၊ ၂၀ ရာခိုင်နှုန်း ကို ကိုရီးယားနိုင်ငံ သို့လည်းကောင်း ပြန်လည် တင်ပို့ကြောင်း၊ မြန်မာနိုင်ငံသို့ သွားရောက်၍ အလုပ်သမား (၅၀)ခန့်ကို သင်တန်းပေးရန် အစီအစဉ် ရှိကြောင်း သဘောထား ပြန်ကြားလာ ပါသည်။

၆။ ပုံမှန်နှစ်ရှိ ထုတ်လုပ်မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအစား | ထုတ်လုပ်မှု (ခုရေ) |
|---|---|---|
| ၁။ | Toupee | ၃၀၀၀၀ |
| ၂။ | Top Pieces | ၃၀၀၀၀ |
| ၃။ | Pieces | ၆၀၀၀၀ |
| | စုစုပေါင်း | ၁၂၀,၀၀၀ |

၇။ လုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့် အကျိုးအမြတ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| (က) | ဝင်ငွေခွန် | အမေရိကန်ဒေါ်လာ | ၀.၀၄ သန်း |
| (ခ) | ကုန်သွယ်လုပ်ငန်းခွန် (ပြည်တွင်းရောင်း) | ကျပ် | ၃.၂၃ သန်း |
| (ဂ) | CMP ချုပ်ခရငွေ အပေါ် ၁၀% ဖြတ်တောက်ရရှိမှု | အမေရိကန်ဒေါ်လာ | ၀.၀၃ သန်း |

၈။ လုပ်ငန်း ဆောင်ရွက်ရန်အတွက် ပြည်တွင်းလုပ်သား (၃၂၀) ဦးနှင့် ပြည်ပလုပ်သား (၃)ဦး ခန့်ထားမည် ဖြစ်ပါသည်။

၉။ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ အဆိုပါ လုပ်ငန်းအတွက် လိုအပ်သော လျှပ်စစ်ဓါတ်အားကို ဖြန့်ဖြူးပေးနိုင်ပါကြောင်း သဘောထား ပြန်ကြားထားပါသည်။

၁၀။ အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ အဆိုပြု လုပ်ငန်းနှင့် စပ်လျဥ်း၍ ကန့်ကွက်ရန် မရှိကြောင်း သဘောထား ပြန်ကြားထားပါသည်။

၁၁။ ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ အဆိုပြု မြေကွက်ကို စိစစ်ရာ (၄၄၀′x၂၃၀′) အကျယ်ရှိ မြေကွက်ပေါ်တွင် (၁၆၅′x၇၅′) ရုံးခန်းနှင့် စက်ရုံတွဲလျက် နှစ်ထပ် Steel Structure အုတ်ညှပ် အဆောက်အဦ (၁)လုံးမှာ ၈၀ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီး နေကြောင်း နှင့် (၄၀′x၃၀′) နှစ်ထပ် အဆောက်အဦ (၁)လုံး ဆောက်လုပ်ဆဲ ဖြစ်ကြောင်း တွေ့ရှိရပြီး စက်ရုံ အဆောက်အဦတွင် အလုပ်သင်များအား သင်တန်းပို့ချလျှက် ရှိကြောင်း၊ လုပ်ငန်း ဆောင်ရွက်ခြင်း မရှိသေးကြောင်းနှင့် လုပ်ငန်း ဆောင်ရွက်ရန် သင့်လျော်ပါကြောင်း သဘောထား ပြန်ကြားထားပါသည်။

၁၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ အဆိုပြု လုပ်ငန်း ဆောင်ရွက်ရန် ဓါတုကုန်ကြမ်းများနှင့် ဆံပင်ပစ္စည်းများ အသုံးမပြုကြောင်း တင်ပြလာသည့် အတွက် ကုန်သွယ်မှု လုပ်ငန်းအရ ကန့်ကွက်ရန် မရှိကြောင်း သဘောထား ပြန်ကြားထားပါသည်။

၁၃။ အဆိုပြုလွှာ တင်ပြစဥ်က ငွေကြေး အထောက်အထား အဖြစ် မန်နေဂျင်းဒါရိုက်တာ ဒေါ်မို့မို့ခင်အမည်ဖြင့် မြန်မာ့စီးပွားရေးဘဏ်ရှိ(၁၇-၁၁-၂၀၀၆)နေ့လက်ကျန် ငွေကျပ်(၂၀.၄၃)သန်း နှင့် ဒါရိုက်တာ ဒေါ်တင်ကြည် အမည်ဖြင့် ကျပ်(၁.၇၃)သန်း စုစုပေါင်း ကျပ်(၂၃.၁၆)သန်း တင်ပြထားရာ လုပ်ငန်းတွင် သုံးစွဲရန်ငွေကျပ်(၄၂.၀၀)သန်း၏ (၅၅.၁၄)ရာခိုင်နှုန်း ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၄။ အဆိုပြု လုပ်ငန်းနှင့် စပ်လျဥ်း၍ ပိုင်ဆိုင်မှု၊ ပတ်ဝန်းကျင် ထိန်းသိမ်းမှုကို ညွှန်ကြားချက်နှင့် အညီ လိုက်နာ ဆောင်ရွက်မည် ဖြစ်ကြောင်း ဝန်ခံကတိပြုထားပါသည်။

၁၅။ ကုမ္ပဏီမှ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေဆိုင်ရာ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ဥပဒေ ပုဒ်မ ၁၂ အရ စီးပွားဖြစ် လုပ်ငန်း စတင်သော နှစ်အပါအဝင် တဆက်တည်း (၃)နှစ် အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ပေးရမည် ဖြစ်ပါသည်။

၁၆။ <u>ဆုံးဖြတ်ရန်အချက်</u>

(က) မြန်မာဆံကေသာ ကုမ္ပဏီ လီမိတက် (Myanmar Hair Co., Ltd.) မှ CMP စနစ်ဖြင့် ဆံပင်တု ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန် သဘောတူ-မတူ။

(ခ) လုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန် သဘောတူပါက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၂ အရ စီးပွားဖြစ် လုပ်ငန်း စတင်သော နှစ်အပါအဝင် တဆက်တည်း (၃)နှစ်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုရန် သဘောတူ-မတူ။

၁၇။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ထောက်ခံချက်
အစိုးရ အဖွဲ့၏ ဆုံးဖြတ်ချက်ကို နာခံပါမည်။

( ဦးသောင်း )
ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၊
ဝန်ကြီး ၊ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန၊
ဝန်ကြီး ၊ အလုပ်သမား ဝန်ကြီးဌာန၊

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ အဖွဲ့ ။

ပြည်ထောင်စု မြန်မာနိုင်ငံတော်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

စာအမှတ် ၊ ရက-၆(ခ)/မ-၁၄၃၅/၂၀၀၇ ( ၁၀၅၅ )
ရက်စွဲ ၊ ၂၀၀၇ ခုနှစ်၊ မတ်လ ၈ ရက်။

ကုန်သွယ်မှု မူဝါဒ ကောင်စီသို့ တင်ပြသည့်
အမှာစာ

အကြောင်းအရာ။ ။ မြန်မာဆံကေသာ ကုမ္ပဏီ လီမိတက် (Myanmar Hair Co., Ltd.) မှ CMP စနစ်ဖြင့် ဆံပင်တု ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်း ကိစ္စ။

၁။ မြန်မာ ကုမ္ပဏီ ဖြစ်သော မြန်မာဆံကေသာ ကုမ္ပဏီ လီမိတက် (Myanmar Hair Co., Ltd.)သည် ကုမ္ပဏီ၏ မန်နေဂျင်း ဒါရိုက်တာ ဖြစ်သူ ဒေါ်မို့မို့ခင်မှ ဝယ်ယူထားသော မြေကွက်အမှတ်(၃၇)၊ ဖန်ချက်ဝန် ဦးရွှေအိုးလမ်း၊ ဒဂုံအရှေ့စက်မှုမြို့၊ အပိုင်း(၁)၊ ရန်ကုန်မြို့ရှိ မြေ(၂.၃၃)ဧက (၉၄၂၉.၁၈ စတုရန်းမီတာ)တွင် CMP စနစ်ဖြင့် ဆံပင်တုများ ထုတ်လုပ်ခြင်း လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ရန် အဆိုပြု တင်ပြလာပါသည်။

၂။ မြန်မာဆံကေသာ ကုမ္ပဏီ လီမိတက်၏ ကနဦး အဆိုပြုချက် တင်ပြခဲ့စဥ်က ယာယီအမည် မြန်မာထာဝရ လက်မှုအနုပညာ ကုမ္ပဏီ လီမိတက် အမည်ဖြင့် ဆိုးလ်မြို့ရှိ မြန်မာသံရုံး၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ အမှတ်(၁)စက်မှုဝန်ကြီး ဌာန (CMP လုပ်ငန်းများ ကြီးကြပ်ရေး ကော်မတီ)နှင့် ဆောက်လုပ်ရေး ဝန်ကြီး ဌာနတို့မှ ကန့်ကွက်ရန် မရှိကြောင်း ပြန်ကြားချက်များ ရရှိပြီး ဖြစ်ပါသည်။ ယင်းအဆိုပြုချက်ကို (၁၃-၂-၂၀၀၇)နေ့တွင် ကျင်းပသည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၆/၂၀၀၇) အစည်းအဝေးသို့ တင်ပြခဲ့ရာ ကုန်သွယ်မှု မူဝါဒ ကောင်စီသို့ တင်ပြရန် ဆုံးဖြတ်ချက်အရ တင်ပြခြင်း ဖြစ်ပါသည်။ အဆိုပြုချက်ကို နောက်ဆက်တွဲ(၁) အဖြစ် တင်ပြအပ်ပါသည်။

၃။ လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ စုစုပေါင်း ကျပ်(၉၀.၀၀)သန်း ဖြစ်ပါသည်။ ယင်းတွင် ငွေသားကျပ် (၄.၆၄)သန်း၊ စက်ပစ္စည်း ကိရိယာ တန်ဖိုး ကျပ်(၀.၈၆)သန်း၊ မြေတန်ဖိုး ကျပ် (၂၈.၀၀)သန်း၊ အဆောက်အဦ တန်ဖိုးကျပ် (၅၂.၀၀)သန်းနှင့် ပရိဘောဂနှင့် လုပ်ငန်းသုံးပစ္စည်း တန်ဖိုးကျပ် (၄.၅၀)သန်း ထည့်ဝင်ရင်းနှီးမည် ဖြစ်ပါသည်။ စက်ပစ္စည်းများကို ပြည်တွင်းကုမ္ပဏီ ဖြစ်သော Win Auto Electrical Engineering Co., Ltd. မှ ဝယ်ယူမည် ဖြစ်ကြောင်း အရောင်းအဝယ် စာချုပ် တင်ပြထားပြီး အဆိုပါ စက်ပစ္စည်းများမှာ ပြည်တွင်းတွင် ထုတ်လုပ်သော ပစ္စည်းများ ဖြစ်ကြောင်း တင်ပြထားပါသည်။ လုပ်ငန်း ဆောင်ရွက်မည့် မြေနေရာအတွက် မြို့ရွာနှင့် အိုးအိမ် ဖွံ့ဖြိုးရေး ဦးစီးဌာနသို့ မြေတန်ဖိုး ကျပ် (၂၇၉.၆၀)သိန်း ပေးသွင်းပြီးကြောင်း ငွေသွင်း ချလံမိတ္တူများ တင်ပြထားပြီး အဆောက်အဦ ဆောက်လုပ်ပြီးမှသာ မြို့ရွာနှင့် အိုးအိမ် ဖွံ့ဖြိုးရေး ဦးစီးဌာနမှ ဂရံထုတ်ပေးကြောင်း တင်ပြထားပါသည်။

၄။ အဆိုပြု လုပ်ငန်းမှ CMP စနစ်ဖြင့် ဆံပင်တုများ ထုတ်လုပ်ပြီး ပြည်ပသို့ ၉၉% နှင့် ပြည်တွင်း တွင် (Reject) ၁% ရောင်းချမည် ဖြစ်ပါသည်။ အဆိုပြု ကုမ္ပဏီနှင့် CMP လုပ်ငန်း ဆောင်ရွက်မည့် ကိုရီးယားသမ္မတနိုင်ငံရှိ Eura Commerce Co., Ltd. သည် ကိုရီးယား ကုမ္ပဏီ ဖြစ်သော်လည်း တရုတ်ပြည်သူ့ သမ္မတနိုင်ငံ Tianjin တွင် ဆံပင်တု ထုတ်လုပ်သည့် စက်ရုံ တည်ထောင်ထားပြီး ထုတ်ကုန်၏ ၈၀% ကို ဂျပန်နိုင်ငံသို့ လည်းကောင်း၊ ၂၀% ကို ကိုရီးယားနိုင်ငံ သို့လည်းကောင်း ပြန်လည် တင်ပို့ကြောင်း၊ မြန်မာနိုင်ငံသို့ သွားရောက်၍ အလုပ်သမား (၅၀)ခန့်ကို သင်တန်းပေးရန် အစီအစဉ် ရှိကြောင်း သဘောထား ပြန်ကြားလာပါသည်။

၅။ ပုံမှန်နှစ်ရှိ ထုတ်လုပ်မှုနှင့် CMP လက်ခနှုန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအစား | ထုတ်လုပ်မှု (ခုရေ) | CMP လက်ခနှုန်း (US $/Pcs) | ပြည်တွင်း ရောင်းဈေးနှုန်း (ကျပ်/ခု) |
|---|---|---|---|---|
| ၁။ | Toupee | ၃၀၀၀၀ | ၄.၅၀ | ၁၆၅၀၀ |
| ၂။ | Top Pieces | ၃၀၀၀၀ | ၂.၇၀ | ၁၆၀၀၀ |
| ၃။ | Pieces | ၆၀၀၀၀ | ၁.၃၀ | ၁၆၀၀၀ |
| | စုစုပေါင်း | ၁၂၀,၀၀၀ | | |

၆။ လုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့် အကျိုးအမြတ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ဝင်ငွေခွန် — အမေရိကန်ဒေါ်လာ — ၀.၀၄ သန်း
- ကုန်သွယ်လုပ်ငန်းခွန် (ပြည်တွင်းရောင်း) — ကျပ် — ၃.၂၃ သန်း
- CMP ချုပ်ခရငွေ အပေါ် ၁၀% ဖြတ်တောက်ရရှိမှု — အမေရိကန်ဒေါ်လာ — ၀.၀၃ သန်း

၇။ လုပ်ငန်း ဆောင်ရွက်ရန်အတွက် ပြည်တွင်းလုပ်သား (၃၂၀) ဦးနှင့် ပြည်ပလုပ်သား (၃)ဦး ခန့်ထားမည် ဖြစ်ပါသည်။

၈။ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ အဆိုပါ လုပ်ငန်းအတွက် လိုအပ်သော လျှပ်စစ်ဓါတ်အား ကို ဖြန့်ဖြူးပေးနိုင်ပါကြောင်း သဘောထား ပြန်ကြားထားပါသည်။

၉။ အမှတ်(၁) စက်မှုဝန်ကြီးဌာန (CMP လုပ်ငန်းများ ကြီးကြပ်ရေး ကော်မတီ)မှ အဆိုပြု လုပ်ငန်းနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန် မရှိကြောင်း သဘောထား ပြန်ကြားထားပါသည်။

၁၀။ ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ အဆိုပြု မြေကွက်ကို စိစစ်ရာ (၄၄၀'x၂၃၀') အကျယ်ရှိ မြေကွက်ပေါ်တွင် (၁၆၅'x၇၅') ရုံးခန်းနှင့် စက်ရုံတွဲလျက် နှစ်ထပ် Steel Structure အုတ်ညှပ် အဆောက်အဦ (၁)လုံးမှာ ၈၀% ဆောက်လုပ်ပြီးစီး နေကြောင်း နှင့် (၄၀'x၃၀') နှစ်ထပ် အဆောက်အဦ (၁)လုံး ဆောက်လုပ်ဆဲ ဖြစ်ကြောင်း တွေ့ရှိရပြီး စက်ရုံ အဆောက်အဦတွင် အလုပ်သင်များအား သင်တန်းပို့ချလျက် ရှိကြောင်း၊ လုပ်ငန်း ဆောင်ရွက်ခြင်း မရှိသေးကြောင်းနှင့် လုပ်ငန်း ဆောင်ရွက်ရန် သင့်လျော်ပါကြောင်း သဘောထား ပြန်ကြားထားပါသည်။

၁၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ အဆိုပြု လုပ်ငန်း ဆောင်ရွက်ရန် ဓါတုကုန်ကြမ်းများနှင့် ဆံပင်ပစ္စည်းများ အသုံးမပြုကြောင်း တင်ပြလာသည့် အတွက် ကုန်သွယ်မှု လုပ်ငန်းအရ ကန့်ကွက်ရန် မရှိကြောင်း သဘောထား ပြန်ကြားထားပါသည်။

၁၂။ အဆိုပြုလွှာ တင်ပြစဉ်က ငွေကြေးအထောက်အထား အဖြစ် မြန်မာ့စီးပွားရေး ဘဏ်ရှိ (၁၇-၁၁-၂၀၀၆)နေ့ လက်ကျန်ဖြစ်သော ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်မို့မို့ခင် အမည်ဖြင့် ကျပ်(၂၁.၄၃)သန်း နှင့် ဒါရိုက်တာ ဒေါ်တင်ကြည် အမည်ဖြင့် ကျပ်(၁.၇၃)သန်း စုစုပေါင်း ကျပ်(၂၃.၁၆)သန်းတင်ပြထားရာလုပ်ငန်းတွင် သုံးစွဲရန်ငွေကျပ်(၄၂.၀၀)သန်း၏ (၅၅.၁၄)ရာခိုင်နှုန်း ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၃။ ယင်းလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်ပြီး နိုင်ငံခြားမှ မည်သူမျှ ပိုင်ဆိုင်ခြင်း မရှိကြောင်း၊ မြေယာနှင့် ပတ်သက်၍ နိုင်ငံတော်မှ သတ်မှတ်ပြဋ္ဌာန်းမည့် စည်းကမ်း သတ်မှတ်ချက်များကို လိုက်နာမည် ဖြစ်ကြောင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့် မီးဘေးအန္တရာယ် မဖြစ်ပွားစေရန် လိုအပ်သော အစီအမံများ ပြုလုပ်ထားမည် ဖြစ်ကြောင်းနှင့် လုပ်ငန်းအသစ် ဖြစ်ကြောင်း ဝန်ခံကတိ ပြုထားပါသည်။

၁၄။ ကုမ္ပဏီမှ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေဆိုင်ရာ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ဥပဒေ ပုဒ်မ ၁၂ အရ စီးပွားဖြစ် လုပ်ငန်း စတင်သော နှစ်အပါအဝင် တဆက်တည်း (၃)နှစ် အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ပေးရမည် ဖြစ်ပါသည်။

၁၅။ <u>ဆုံးဖြတ်ရန်အချက်</u>

(က) မြန်မာဆံကေသာ ကုမ္ပဏီ လီမိတက် (Myanmar Hair Co., Ltd.) မှ CMP စနစ်ဖြင့် ဆံပင်တု ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန် သဘောတူ-မတူ။

(ခ) လုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန် သဘောတူပါက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၂ အရ စီးပွားဖြစ် လုပ်ငန်း စတင်သော နှစ်အပါအဝင် တဆက်တည်း (၃)နှစ်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုရန် သဘောတူ-မတူ။

(ဂ) သဘောတူ ခွင့်ပြုပါလျှင် အစိုးရ အဖွဲ့သို့ ဆက်လက် တင်ပြရန် သဘောတူ-မတူ။

၁၆။ <u>မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ထောက်ခံချက်</u>
ကုန်သွယ်မှု မူဝါဒ ကောင်စီ၏ ဆုံးဖြတ်ချက်ကို နာခံပါမည်။

( ဦးသောင်း )
ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၊
ဝန်ကြီး ၊ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန၊
ဝန်ကြီး ၊ အလုပ်သမား ဝန်ကြီးဌာန၊

<u>ကုန်သွယ်မှု မူဝါဒ ကောင်စီ။</u>

## ကုမ္ပဏီ ဒါရိုက်တာနှင့် အစုရှင်များ၏ နေရပ်လိပ်စာ စာရင်း

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာ၊ အစုရှင်များ၏ အမည် | ဒါရိုက်တာ၊ အစုရှင်များ၏ နေရပ်လိပ်စာ |
|---|---|---|---|
| ၁။ | မြန်မာဆံကေသာ ကုမ္ပဏီလီမိတက် (Myanmar Hair Co.,Ltd.) | ၁။ဒေါ်မို့မို့ခင်(ခ) ဒေါ်ညွန့်ညွန့်ရီ (အုပ်ချုပ်မှုဒါရိုက်တာ)<br>၂။ဒေါ်တင်ကြည် (ဒါရိုက်တာ) | အမှတ်(၁၅)က၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ရန်ကုန်။<br>အမှတ်(၃၈၀)၊ နွယ်သာကီ(၈)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်။ |

| | | |
|---|---|---|
| ၁။ | ကုမ္ပဏီ၏ ဖုန်းအမှတ် ဖက်စ်နံပါတ် | - Tel : (95-1) 585255<br>- Fax : (95-1) 585255 |
| ၂။ | ကုမ္ပဏီ၏ လိပ်စာအပြည့်အစုံ | - အမှတ်(၃၇)၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊ ဒဂုံအရှေ့စက်မှုမြို့နယ် အပိုင်း(၁)၊ ရန်ကုန်မြို့။ |
| ၃။ | ကုမ္ပဏီ၏ ဆက်သွယ်ရမည့်ပုဂ္ဂိုလ်၊ အမည်၊ ရာထူး | - ဒေါ်မို့မို့ခင် (အုပ်ချုပ်မှုဒါရိုက်တာ) |
| ၄။ | ကုမ္ပဏီအနေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ | - CMP စနစ်ဖြင့် ဆံပင်တု ထုတ်လုပ်ခြင်း |
| ၅။ | ကုမ္ပဏီမှတ်ပုံတင်အမှတ်နှင့် ရက်စွဲ | - ၂၀၄၁ / ၂၀၀၅-၂၀၀၆ (၉. ၂. ၂၀၀၆) |
| ၆။ | ကုမ္ပဏီသက်တမ်းကုန်ဆုံးသည့်နေ့ | - ၈-၂-၂၀၀၈ |
| ၇။ | ဘဏ်အမည်နှင့် ငွေစာရင်းအမှတ် | - မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် FDM-10.0948 |

ပြည်ထောင်စုမြန်မာနိုင်ငံတော်သံရုံး
ဆိုးလ်မြို့

စာအမှတ်၊ ၂၄၀ /၄၉-၁၆
ရက်စွဲ၊ ၂၀၀၅ခုနှစ်၊ နိုဝင်ဘာလ၁၈ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့

အကြောင်းအရာ ။ Eura Commerce Co., Ltd. နှင့်ပတ်သက်သည့်အချက်အလက်များ ပေးပို့ခြင်း

ရည်ညွှန်းချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၅-၈-၂၀၀၅ရက်စွဲပါ စာအမှတ်၊ ၇က-၆(က)/မ-၉၅၉/၂၀၀၅ (၅၆၄၂)

၁။ မြန်မာထာဝရ လက်မှုအနုပညာကုမ္ပဏီလိမိတက်မှ CMP စနစ်ဖြင့် ဆံပင်တုများ ထုတ်လုပ်တင်ပို့မည့်ကိစ္စနှင့်ပတ်သက်၍ ကိုရီးယားသမ္မတနိုင်ငံရှိ Eura Commerce Co., Ltd အား ရည်ညွှန်းချက်ပါစာဖြင့် စုံစမ်းပေးပါရန် မေတ္တာရပ်ခံချက်အရ၊ မြန်မာသံရုံး၊ ဆိုးလ်မြို့မှ Eura Commerce Co., Ltd သို့ အကြိမ်ကြိမ်ဆက်သွယ်ခဲ့သော်လည်း၊ ကုမ္ပဏီ၏ ဥက္ကဋ္ဌနှင့် Director များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ စက်ရုံသို့ ရောက်ရှိနေကြောင်းနှင့် ၎င်းတို့ ကိုရီးယားနိုင်ငံသို့ ပြန်ရောက်သည့်အခါတွင်မှ ကုမ္ပဏီနှင့်ပတ်သက်သည့် အထောက်အထား များ တင်ပြမည်ဖြစ်ကြောင်း ဆိုးလ်မြို့ရှိ ကုမ္ပဏီရုံးမှ ပြန်ကြားခဲ့ပါသည်။

၂။ ၁၇-၁၁-၂၀၀၅ရက်နေ့တွင်မှ Eura ကုမ္ပဏီမှ Director Mr. Seok Dong Kim လာရောက်၍ ကုမ္ပဏီမှတ်ပုံတင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဆံပင်တုများထုတ်လုပ် နေသည့်လုပ်ငန်းအစီအစဉ်နှင့် လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုမိန့်တို့ကို လာရောက်တင်ပြပါ သဖြင့် ၎င်းစာရွက်စာတမ်းများကို ဤစာနှင့်အတူ ပူးတွဲပေးပို့အပ်ပါသည်။

၃။ Eura ကုမ္ပဏီသည် ကိုရီးယားကုမ္ပဏီဖြစ်သော်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ Tianjin တွင် ဆံပင်တုထုတ်လုပ်သည့် စက်ရုံတည်ထောင်ထားပြီး၊ ထုတ်ကုန်၏ ၈၀% ဂျပန်နိုင်ငံသို့လည်းကောင်း၊ ၂၀%ကို ကိုရီးယားနိုင်ငံသို့လည်းကောင်း ပြန်လည်တင်ပို့ ကြောင်း၊ ယင်းလုပ်ငန်းကို ၁၉၈၇ခုနှစ်မှစတင်၍ လုပ်ဆောင်ခဲ့ကြောင်း၊ ကိုရီးယားနိုင်ငံတွင် ဈေးကွက်အခြေအနေမကောင်းသဖြင့်၊ ဂျပန်ဈေးကွက်သို့ တင်ပို့မှုများပြုလုပ်ခဲ့ကြောင်း၊ မြန်မာ နိုင်ငံတွင်လည်း အလားတူ စက်ရုံတည်ထောင်၍ ဆံပင်တုများကို ဂျပန်နိုင်ငံသို့ တင်ပို့မည် ဖြစ်ကြောင်း၊ ဆံပင်တုထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံသို့ သွားရောက်၍ အလုပ်သမား(၅၀)ဦးခန့်ကို သင်တန်းပေးရန် အစီအစဉ်ရှိကြောင်း သိရှိရပါသည်။

သံအမတ်ကြီး (ကိုယ်စား)
(ရဲလွင်၊ ပထမအတွင်းဝန်)

မိတ္တူကို-

ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

စာအမှတ်၊ ၅၈၆ /အသဖ(ထ) ရင်းနှီးမြှုပ်နှံမှု/၂၀၀၅
ရက်စွဲ၊ ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ ( ၉ )ရက်

အကြောင်းအရာ။ သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၇-၈-၂၀၀၅)ရက်စွဲပါစာအမှတ်၊ ရက-၆ (က) /မ-၉၅၉/၂၀၀၅(၅၆၆၄-ဃ)

၁။ မြန်မာထာဝရ လက်မှုအနုပညာ ကုမ္ပဏီလီမိတက်၏ ရန်ကုန်တိုင်း၊ ဒဂုံအရှေ့စက်မှုမြို့နယ်၊ အပိုင်း(၁)၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊ မြေကွက်အမှတ်(၃၇)ရှိ မြေ(၂. ၃၃)ဧကတွင် CMP စနစ်ဖြင့် အဝတ်ထည်များ ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြချက်နှင့်ပါတ်သက်၍ ရည်ညွှန်းစာဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ သဘောထားမှတ်ချက် တောင်းခံထားပါသည်။

၂။ အဆိုပါလုပ်ငန်းအတွက် လိုအပ်သောလျှပ်စစ်ဓာတ်အားကို ဖြန့်ဖြူးပေးနိုင်ပါကြောင်း ပြန်ကြားအပ်ပါသည်။

(ဒေါက်တာစန်းညွှန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊

R.၁၉၇

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**

**CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီ**

စာအမှတ်၊ ၁၅၁၅( ၅ )CMP / ၂၀၀၅ (၁၄၈၄ )

ရက်စွဲ၊ ၂၀၀၅ ခုနှစ် အောက်တိုဘာလ ၁၀ ရက်

အကြောင်းအရာ။ သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၇. ၈. ၂၀၀၅ ရက်စွဲပါစာအမှတ်၊ ရက-၆(က)/မ-၉၅၉/ ၂၀၀၅(၅၆၆၄-က)

၁။ ရန်ကုန်တိုင်း၊ ဒဂုံမြို့အရှေ့စက်မှု၊ မြို့နယ်အပိုင်း(၁)၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊ အမှတ်(၃၇)ရှိ မြေ(၂. ၃၃)ဧကရှိမြေနှင့်ယင်းမြေပေါ်ရှိအဆောက်အဦးကိုငှားရမ်း၍ CMP စနစ်ဖြင့် ဆံပင်တုအမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်းကို မြန်မာ့ထာဝရလက်မှုအနုပညာကုမ္ပဏီလီမိတက်မှ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီဆောင်ရွက်ခွင့်ပြုပါရန်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အဆိုပြုလျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ကြီးကြပ်ရေးကော်မတီမှစိစစ်ခဲ့ပါသည်။

၂။ မြန်မာ့ထာဝရလက်မှုအနုပညာကုမ္ပဏီလီမိတက်ဆံပင်ပုံခေါင်းစွပ်လုပ်ငန်းအပေါ်စိစစ် တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေအရ မှတ်ပုံတင်ထားခြင်းမရှိသေးပါ၊

(ခ ) CMP စနစ်ဆောင်ရွက်ရာတွင် ကနဦးနှစ်၌ အမေရိကန်ဒေါ်လာ ၀. ၁၇သန်းနှင့် ကျပ်၁၅၈. ၀၅သန်းစတင်ရရှိပြီးနောက်(၃)နှစ်ပြည့်ပြီးချိန်တွင် အမေရိကန်ဒေါ်လာ ၀. ၂၈သန်းနှင့်ကျပ် ၉၆. ၇၅သန်းအသီးသီးရရှိမည်ဖြစ်ကြောင်း၊ နောက်ဆက်တွဲ(ဂ) အရစိစစ်သိရှိရသည့်အပြင်၊ နောက်ဆက်တွဲ(၇)အရ ကနဦးနှစ်တွင်အလုပ်အကိုင် အခွင့်အလမ်း(၃၂၄)နေရာမှနောင်တွင်(၅၂၄)နေရာအထိ ပေါ်ပေါက်လာမည်ဖြစ် ခြင်းကြောင့် ဆောင်ရွက်ခွင့်ပြုသင့်ပါသည်၊

(ဂ ) နောက်ဆက်တွဲ(၅)အရစိစစ်ရာတွင် ကုန်ကြမ်းလိုအပ်ချက်နှင့် ကုန်ချောထုတ်လုပ်မှု အချိုးအစားညီညွတ်မှုရှိကြောင်း တွေ့ရှိရပါသည်၊

(ဃ) နောက်ဆက်တွဲ(၅)အရသာ်နှစ်တာ ကုန်ကြမ်းလိုအပ်ချက်ဖော်ပြထားမှု သီးခြားမှုရှိ ကြောင်းစိစစ်တွေ့ရှိရပါသည်

(င ) နောက်ဆက်တွဲ(၂)အရ စက်ပစ္စည်းကို ပြည်တွင်း၌ကျပ် ၀. ၈၆၃ဘိုးဝယ်ယူမည်ဖြစ် ကြောင်းဖော်ပြချက်နှင့်နောက်ဆက်တွဲ(ဂ)အရကုန်ချောလုပ်ခမှာ တစ်ခုလျှင်အမျိုး အစားနှင့်ပုံသဏ္ဌာန်ကိုလိုက်၍ အမေရိကန်ဒေါ်လာ ၁. ၃နှင့်ကျပ်၁၆၀၀၀၊ အမေရိ ကန်ဒေါ်လာ ၂. ၃နှင့်ကျပ် ၁၆၀၀၀ အမေရိကန်ဒေါ်လာ ၄. ၅နှင့်ကျပ် ၁၆၅၀၀ အသီးသီးရရှိမည်၊ ဖြစ်ကြောင်းဖော်ပြထားချက်မှာဆီလျော်မှုရှိပါသည်

(စ ) လုပ်ငန်းသဘောအရလက်မှုပညာဖြင့်လူအင်အားသုံးဆောင်ရွက်ရသည့်လုပ်ငန်း ဖြစ်ခြင်းကြောင့်အပ်ချုပ်စက်(၂)လုံးသာအသုံးပြုကြောင်းနောက်ဆက်တွဲ(၂)အရ တွေ့ရှိရပါသည်။

၃။ ဤစက်မှုလုပ်ငန်းတွင်အလားတူလုပ်ငန်းဆောင်ရွက်မှုမရှိသဖြင့် အဆိုပြုလွှာနှင့်ယှဉ်တွဲဖော်ပြပါနောက်ဆက်တွဲဇယားများကိုစိစစ်ချက်အရယေဘူယျအားဖြင့် ကန့်ကွက်ရန်မရှိကြောင်း ပြန်ကြားအပ်ပါသည်။

၄။ ရည်ညွှန်းချက်စာပါအထောက်အထားမူရင်းများကို ပြန်လည်ပူးတွဲပေးပို့အပ်ပါသည်။

ဥက္ကဋ္ဌ( )
သိုက်ထွန်း-အတွင်းရေးမှူး

**ဥက္ကဋ္ဌ**
**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**
မိတ္တူကို
- အမှတ်(၁)စက်မှုဝန်ကြီးဌာန
- ရုံးလက်ခံ
- မျှောစာတွဲ

R. ၀၅၀
၂၇/၁၀.

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

စာအမှတ်၊ ၇၅ / ခွဲ-၃ / ၂၀၀၅ (စီ ၄၆၂၄)
ရက် စွဲ၊ ၂၀၀၅ခုနှစ် အောက်တိုဘာလ ၂၄ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့

၃၁၄
၂၅/၁၀

အကြောင်းအရာ ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည် ညွှန်း ချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၀၅ ခုနှစ် ဩဂုတ်လ (၇)ရက်နေ့စွဲပါစာအမှတ်၊ ရကန-၆ (က)/မ-၉၅၈/၂၀၀၅ (၅၆၆၄-ခ)

၁။ မြန်မာထာဝရလက်မှုအနုပညာကုမ္ပဏီလီမိတ်တက်မှ ရန်ကုန်တိုင်း၊ ဒဂုံအရှေ့စက်မှုဇုန်အပိုင်း(၁)၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊မြေကွက်အမှတ်(၃၇)ရှိ မြေ(၂.၃၃)ဧကတွင် CMP စနစ်ဖြင့် ဆံပင်တုများ ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက်တင်ပြခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရည်ညွှန်းပါစာဖြင့် သဘောထားမှတ်ချက် တောင်းခံလာပါသဖြင့် အဆိုပြုမြေကွက်အား ဝင်းစစ်ရာ (၄၄၀ ပေ × ၂၃၀ ပေ)အကျယ်ရှိ မြေကွက်ပေါ်တွင် (၁၆၅ ပေ × ၇၅ ပေ)ရုံးခန်းနှင့်စက်ရုံတွဲလျက် ၂ထပ် Steel Structureအုတ်ညှပ်အဆောက်အအုံ (၁)လုံးမှာ ၈၀% ဆောက်လုပ်ပြီးစီးနေကြောင်းနှင့် (၄၀ ပေ × ၃၀ ပေ) နှစ်ထပ်အဆောက်အအုံ တစ်လုံးဆောက်လုပ်ဆဲဖြစ်ကြောင်းတွေ့ရှိရပြီးစက်ရုံအဆောက်အအုံတွင်အလုပ်သင်(၈၀)ဦးခန့်အား သင်တန်းပို့ချလျက်ရှိကြောင်းနှင့်လုပ်ငန်းဆောင်ရွက်ခြင်းမရှိသေးကြောင်းတွေ့ရှိရပါသည်။ (အဆိုပြု မြေကွက်နှင့် ပတ်ဝန်းကျင်အခြေအနေပြ မြေပုံကြမ်း ပူးတွဲတင်ပြအပ်ပါသည်။)

၂။ အဆိုပြုမြေကွက်၏ မြေပေါ်အခြေအနေအားသိသာပါရန်နှင့် ပတ်ဝန်းကျင်အနေအထားအရ ယင်းမြေကွက်ပေါ်တွင် အဆိုပြုလုပ်ငန်းဆောင်ရွက်ရန် သင့်လျော်သည်ဟု ယူဆပါကြောင်း တင်ပြအပ်ပါသည် ။

၂၄/၁၀/၂၀၀၅

ဝန်ကြီး(ကိုယ်စား)
(တင့်ဆွေ၊ ဒုတိယဝန်ကြီး)

မိတ္တူကို

- ညွှန်ကြားရေးမှူးချုပ်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ။

၂၄.၁၀.၀၅

C/K3/BC/pg 16 (R)

၃၅.၁၀

ကော်မရှင်၏ ၆/၂၀၀၇ အစည်းအဝေး

အကြောင်းအရာ။ ။ မြန်မာဆံကေသာကုမ္ပဏီလီမိတက် (Myanmar Hair Co.,Ltd ) မှCMP စနစ်ဖြင့် ဆံပင်တု ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန်အဆိုပြုချက် တင်ပြခြင်း ကိစ္စ။

| | | |
|---|---|---|
| ၁။ | ကုမ္ပဏီအမည် | မြန်မာဆံကေသာကုမ္ပဏီလီမိတက်<br>(Myanmar Hair Co.,Ltd) (၉-၂-၂၀၀၆ နေ့တွင်မှတ်ပုံတင်ပြီး) |
| ၂။ | လုပ်ငန်းအဆိုပြုသူအမည် | - ဒေါ်မို့မို့ခင် |
| ၃။ | အဆိုပြုလုပ်ငန်းအမျိုးအစား | - CMP စနစ်ဖြင့်ဆံပင်တုများထုတ်လုပ်ခြင်း |
| ၄။ | တည်နေရာ | မြေကွက်အမှတ်(၃၇)၊ဖန်ချက်ဝန် ဦးရွှေအိုးလမ်း<br>ဒဂုံအရှေ့စက်မှုမြို့၊အပိုင်း(၁)၊<br>ရန်ကုန်မြို့ ။ |
| ၅။ | စုစုပေါင်းရင်းနှီးမြှုပ်နှံမှု | ကျပ် ၉၀ .၀၀ သန်း |
| | -ငွေပမာဏ | ကျပ် ၄.၆၄ သန်း |
| | -စက်ပစ္စည်းကိရိယာ | ကျပ် ၀.၈၆ သန်း |
| | -မြေ | ကျပ် ၂၈.၀၀ သန်း |
| | -အဆောက်အဦ | ကျပ် ၅၂.၀၀ သန်း |
| | - ပရိဘောဂနှင့်လုပ်ငန်းသုံးပစ္စည်း | ကျပ် ၄.၅၀ သန်း |
| ၆။ | မြေအကြောင်းအရာ | |
| | -မြေအကျယ်အဝန်း | ၂.၃၃၈က (၉၄၂၉.၁၈ စတုရန်းမီတာ) |
| | -မြေပိုင်ဆိုင်မှု | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှဒေါ်တင်တင်ခိုင်အမည်ဖြင့်ဝယ်ယူထားသောမြေကိုကုမ္ပဏီ၏မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဒေါ်မို့မို့ခင်မှဝယ်ယူထားကြောင်းအရောင်းအဝယ်စာချုပ်တင်ပြထားပါသည်။<br>(မြေကိုမတည်ငွေရင်းအဖြစ်ထည့်ဝင်ထားပါသည်။) |
| | -မြေအမျိုးအစား | စက်မှုဇုန်မြေ |
| | -အဆောက်အဦလိုအပ်ချက် | - Factory Building (၁၆၅' × ၇၅') (၂) ထပ် (၁)လုံး<br>- Staff dormitory (၄၀' × ၃၀') (၂) ထပ် (၁)လုံး<br>- Factory Building (၁၅၀' × ၃၆') (၂) ထပ် (၁)လုံး<br>- Factory Building (၁၅၀' × ၃၆') (၂) ထပ် (၁)လုံး |
| ၇။ | ထုတ်လုပ်မှု(ပုံမှန်နှစ်) | (ခုရေ) |
| | - Toupee | ၃၀၀၀၀ |
| | - Top Pieces | ၃၀၀၀၀ |
| | - Pieces | ၆၀၀၀၀ |
| | | ၁၂၀၀၀၀ |
| | | ( တစ်ဦးလျှင် တစ်နှစ် ပျမ်းမျှ ၂၄၀ ခုရှိပါသည်) |

| | | | |
|---|---|---|---|
| ၈။ | ရောင်းချမည့်နည်းစနစ် | | |
| | - ပြည်တွင်း(Reject) | ၁ % | |
| | - CMP စနစ်အရ(ပြည်ပ) | ၉၉ % | |
| ၉။ | ဈေးကွက်ခိုင်မာမှုနှင့်သံရုံး သဘောထား | ခ[illegible]လ်းမြို့ မြန်မာသံရုံးမှ Eura ကုမ္ပဏီသည် ကိုရီးယားကုမ္ပဏီ ဖြစ်သော်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ Tianjin တွင်ဆံပင်တုထုတ်လုပ်သည့်စက်ရုံတည် ထောင်ထားပြီးထုတ်ကုန်၏ ၈၀%ကိုဂျပန်နိုင်ငံသို့လည်းကောင်း၊၂၀%ကို ကိုရီးယားနိုင်ငံသို့လည်းကောင်းပြန်လည်တင်ပို့ကြောင်း၊ဆံပင်တုထုတ်လုပ်ပြီး ဂျပန်နိုင်ငံသို့တင်ပို့မည်ဖြစ်ပါကြောင်း၊မြန်မာနိုင်ငံသို့သွားရောက်၍အလုပ်သမား (၅၀)ခန့်ကိုသင်တန်းပေးရန်အစီအစဉ်ရှိကြောင်းသဘောထားပြန်ကြားလာပါ သည်။(ပူးတွဲ) | |
| ၁၀။ | ရောင်းဈေးနှုန်း(ပုံမှန်နှစ်) | CMP လက်ခနှုန်း (US$ / pcs) | ပြည်တွင်းရောင်း ( ကျပ်/ခု) |
| | - Toupee | ၄.၅၀ | ၁၆၅၀၀ |
| | - Top Pieces | ၂.၇၀ | ၁၆၀၀၀ |
| | - Pieces | ၁.၃၀ | ၁၆၀၀၀ |
| ၁၁။ | ဝင်ငွေ(ပုံမှန်နှစ်) | | |
| | -နိုင်ငံခြားငွေဖြင့် | US$ ၀.၂၉ သန်း | |
| | -ကျပ်ငွေဖြင့် | ကျပ် ၁၉.၃၅ သန်း | |
| ၁၂။ | အသားတင်အမြတ်(ပုံမှန်နှစ်) | | |
| | -နိုင်ငံခြားငွေဖြင့် | US$ ၀.၂၁ သန်း | |
| ၁၃။ | နိုင်ငံတော်မှပုံမှန်နှစ်တွင် ရရှိမည့်အကျိုးအမြတ် | | |
| | -ဝင်ငွေခွန်(နိုင်ငံခြားငွေဖြင့်) | US$ ၀.၀၄ သန်း | |
| | -ကုန်သွယ်လုပ်ငန်းခွန် (ပြည်တွင်းရောင်းရငွေ အပေါ် ၁၀% ) | US$ ၃.၂၃ သန်း | |
| | -CMP ချုပ်ခရငွေအပေါ် ၁၀%ဖြတ်တောက်ရရှိမှု | US$ ၀.၀၃ သန်း | |

| | | |
|---|---|---|
| ၁၄။ | ဝန်ထမ်းအင်အား(ပထမနှစ်)<br>-ပြည်တွင်း<br>-ပြည်ပ | ၃၂၃ ဦး<br>၃၂၀ ဦး<br>၃ ဦး |
| ၁၅။ | စက်ပစ္စည်းဝယ်ယူမှုနှင့် ငွေကြေးခိုင်မာမှု အထောက်အထား | -ကျပ်(၀.၈၆)သန်းဖိုးရှိလုပ်ငန်းသုံးစက်ပစ္စည်းများကိုပြည်တွင်းကုမ္ပဏီဖြစ်သော Win Auto Electrical Engineering Co.,Ltd မှ ဝယ်ယူမည်ဖြစ်ကြောင်း အရောင်းအဝယ်စာချုပ် မိတ္တူ တင်ပြထားပါသည်။ အဆိုပါ စက်ပစ္စည်းများမှာ ပြည်တွင်းတွင်ထုတ်လုပ်သော ပစ္စည်းများဖြစ်ကြောင်းတင်ပြထားပါသည်။<br>-ငွေကြေးဆိုင်ရာ အထောက်အထားအဖြစ် မန်နေးဂျင်းဒါရိုက်တာ ဒေါ်မို့မို့ခင် အမည်ဖြင့် မြန်မာ့စီးပွားရေးဘဏ်ရှိ (၁၇-၁၁-၂၀၀၆) နေ့လက်ကျန် ငွေကျပ် (၂၁.၄၃)သန်းနှင့်ဒါရိုက်တာ ဒေါ်တင်ကြည်အမည်ဖြင့်မြန်မာ့စီးပွားရေး ဘဏ်ရှိ (၁၇-၁၁-၂၀၀၆)နေ့လက်ကျန်ငွေကျပ်(၁.၇၃)သန်း၊ စုစုပေါင်း ကျပ်(၂၃.၁၆) သန်းတင်ပြထားရာ ပြည်တွင်း သုံးစွဲငွေ ကျပ်(၄၂.၀၀)သန်း၏ (၅၅.၁၄ %)ရှိကြောင်းတွေ့ရှိရပါသည်။ |
| ၁၆။ | သက်ဆိုင်ရာဝန်ကြီးဌာနများမှ သဘောထားမှတ်ချက် | -လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှအဆိုပါလုပ်ငန်းအတွက်လိုအပ်သောလျှပ်စစ်ဓါတ်အားကိုဖြန့်ဖြူးပေးနိုင်ပါကြောင်းသဘောထားပြန်ကြားလာပါသည်။ (ပူးတွဲ)<br>- CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီမှအဆိုပြုလုပ်ငန်းနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်မရှိကြောင်းသဘောထားပြန်ကြားလာပါသည်။(ပူးတွဲ)<br>- ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အဆိုပြုမြေကွက်ကိုစိစစ်ရာ(၄၄၀'× ၂၃၀') အကျယ်ရှိမြေကွက်ပေါ်တွင်(၁၆၅'× ၇၅')ရုံးခန်းနှင့်စက်ရုံတွဲလျက် ၂ထပ် Steel Structure အုတ်ညှပ်အဆောက်အအုံ(၁)လုံးမှာ၈၀ % ဆောက်လုပ်ပြီးစီးနေကြောင်းနှင့်(၄၀'× ၃၀')နှစ်ထပ်အဆောက်အအုံတစ်လုံးဆောက်လုပ်ဆဲဖြစ်ကြောင်းတွေ့ရှိရပြီးစက်ရုံအဆောက်အအုံတွင်အလုပ်သင်များအားသင်တန်းပို့ချလျက်ရှိကြောင်း ၊လုပ်ငန်းဆောင်ရွက်ခြင်း မရှိသေးကြောင်းနှင့် လုပ်ငန်းဆောင်ရွက်ရန် သင့်လျော်ပါကြောင်း သဘောထား ပြန်ကြားလာပါသည်။ (ပူးတွဲ)<br>- စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှအဆိုပြုလုပ်ငန်းဆောင်ရွက်ရန်ဓါတုကုန်ကြမ်းများနှင့်ဆံပင်ပစ္စည်းများအသုံးမပြုကြောင်းတင်ပြလာသည့်အတွက်ကုန်သွယ်မှုလုပ်ငန်းအရကန့်ကွက်ရန်မရှိကြောင်း(၁၀-၁၂-၂၀၀၆) |

| | | |
|---|---|---|
| | | နေ့စွဲဖြင့်သဘောထားပြန်ကြားလာပါသည်။(ပူးတွဲ) |
| ၁၇။ | ကတိခံဝန်ချက်များ | -ယင်းလုပ်ငန်းသည် မြန်မာနိုင်ငံသား များသာလျှင်ပိုင်ဆိုင်ပြီး နိုင်ငံခြားမှ မည်သူမျှ ပိုင်ဆိုင်မှု မရှိကြောင်း၊<br>-မြေယာနှင့် ပတ်သက်၍ နိုင်ငံတော်မှ သတ်မှတ်ပြဋ္ဌာန်းမည့် စည်းကမ်းသတ်မှတ်ချက်များပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် မီးဘေးအန္တရာယ် မဖြစ်ပွားစေရန် လိုအပ်သော အစီအမံများ ပြုလုပ်ထားမည် ဖြစ်ကြောင်း၊<br>- လုပ်ငန်းအသစ်ဖြစ်ကြောင်း၊<br>-CMP လုပ်ငန်း ဆောင်ရွက်မှုအတွက် ရရှိသော နိုင်ငံခြားငွေများကို မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့်မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်ရှိကုမ္ပဏီ၏ငွေစာရင်းသို့မပျက်မကွက်ပေးသွင်းမည်ဖြစ်ကြောင်း၊<br>-လုပ်ငန်းအတွက်ကုန်ပစ္စည်းများ တင်သွင်း/ တင်ပို့ရာတွင် ရေကြောင်းခရီး/ လေကြောင်းခရီး တို့ဖြင့်သာ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ |
| ၁၈။ | အခြား | - အဆိုပြုလုပ်ငန်းဆောင်ရွက်ခွင့်တင်ပြခြင်းနှင့်စပ်လျဉ်း၍လုပ်ငန်းအတွက် ပြည်ပမှတင်သွင်းမည့်ကုန်ကြမ်းပစ္စည်းများစာရင်းတွင်ဓါတုကုန်ကြမ်းများ (Methyl Ethyl Ketome) ပါဝင်မှုနှင့်ဆံပင်အစစ်များဝယ်ယူအသုံးပြုမှုတို့ ပါဝင်သဖြင့်ကော်မရှင်၏(၃/၂၀၀၆)(၁၉-၁-၂၀၀၆) အစည်းအဝေးဆုံးဖြတ်ချက်အရအဆိုပြုလွှာပြန်ပို့ခဲ့ပါသည်။ယခုအခါကုမ္ပဏီမှဆံပင်အစစ်များနှင့် ဓါတုကုန်ကြမ်းများကိုအသုံးမပြုတော့ဘဲအဆိုပြုချက်ကိုပြန်လည်ပြင်ဆင်၍ အသနားခံတင်ပြလာခြင်းဖြစ်ပါသည်။<br>-လုပ်ငန်းဆောင်ရွက်မည့်မြေနေရာအတွက်မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့မြေတန်ဘိုးကျပ်(၂၇၉.၆၀)သိန်းပေးသွင်းပြီးကြောင်းငွေသွင်းချလံမိတ္တူများတင်ပြထားပြီးအဆောက်အဦဆောက်လုပ်ပြီးမှသာအိုး/အိမ်မှုဂရံထုတ်ပေးကြောင်းကုမ္ပဏီမှတင်ပြထားပါသည်။<br>-စက်ပစ္စည်း၊ကုန်ကြမ်းနှင့်ထုတ်လုပ်မှုစုံနှုန်းစာရင်းများကိုပူးတွဲတင်ပြထားပါသည်။<br>-ခွင့်ပြုမိန့်ထုတ်ပေးပြီးCMPစနစ်ဖြင့်ဆံပင်တုထုတ်လုပ်ခြင်းလုပ်ငန်း(၁)ခုရှိပြီးဖြစ်ပါသည်။ |
| ၁၉။ | အခွန်ကင်းလွတ်ခွင့်/ သက်သာခွင့် | -ကုမ္ပဏီမှ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် လျှောက်ထားလာပါသည်။ ဥပဒေပုဒ်မ ၁၂ အရ စီးပွားဖြစ်လုပ်ငန်း စတင်သောနှစ်အပါအဝင် တစ်ဆက်တည်း (၃)နှစ်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ပေးရမည်ဖြစ်ပါသည်။ |

Myanmar Hair Company Limited

List of Machinery & Tools (local purchase) Annex 2

| Sr | Description | | Qty | U.P<br>Kyat | Amount<br>Kyat |
|---|---|---|---|---|---|
| 1 | Sewing Machine | | 2 | 100,000 | 200,000 |
| 2 | Super Dryer | | 1 | 8,000 | 8,000 |
| 3 | Hair Dryer | | 2 | 3,000 | 6,000 |
| 4 | Derm pipe | | 300 | 370 | 111,000 |
| 5 | Needle holder | | 1,000 | 350 | 350,000 |
| 6 | Scale | 50 g | 1 | 5,500 | 5,500 |
| 7 | Scale | 2kg | 1 | 3,500 | 3,500 |
| 8 | Scissor (m) | | 5 | 2,000 | 10,000 |
| 9 | Scissor(large) | | 6 | 2,500 | 15,000 |
| 10 | File Box | | 6 | 1,500 | 9,000 |
| 11 | Dry Box | | 1 | 100,000 | 100,000 |
| 12 | Wooden block | | 30 | 1,000 | 30,000 |
| 13 | File Box | | 3 | 5,000 | 15,000 |
| | Total | | | | 863,000 |

EU RA

Myanmar Hair Co., Ltd.

No. (37), Phan Chet Wun U Shwe Oh Street, Dagon (East) Industrial Zone I, Dagon (East) Myo Thit Tsp, Yangon. Ph : 585255 , Fax : 585255

နောက်ဆက်တွဲ ( ၁ )

# Norm of the Products

| Sr. | Description | | Toupee | Top pieces | Pieces |
|---|---|---|---|---|---|
| | | | | | |
| 1 | Synthetic Hair (Fibre) | gm | 17.50 | 14.50 | 9.00 |
| 2 | Plastic Mould | Pcs | 2 | 2 | 2 |
| 3 | Steel Mould | Pcs | 1 | 1 | 1 |
| 4 | Head Holder | Pcs | 1 | 1 | 1 |

လေးစားစွာဖြင့်

MO MO KHIN
MANAGING DIRECTOR
MYANMAR HAIR CO , LTD.

EU RA

# Myanmar Hair Co., Ltd.

No. (37), Phan Chet Wun U Shwe Oh Street, Dagon (East) Industrial Zone I, Dagon (East) Myo Thit Tsp.
Yangon. Ph : 585255 , Fax : 585255

နောက်ဆက်တွဲ ( ၈ )

**Annual Raw and Packing Material to be imported on CMP basis (Annex-5)**

| Sr.No | Description | | Training & test run (6 months) Qty |
|---|---|---|---|
| 1 | Synthetic Hair (fibre) | kg | 450 |
| 2 | Hair blender | | 5 |
| 3 | Plastic mould | pcs | 750 |
| 4 | Steel mould | pcs | 300 |
| 5 | Head holder | pcs | 300 |

| Sr.No | Description | | 1 st Yr (60% Production Capacity) Qty |
|---|---|---|---|
| 1 | Synthetic Hair (fibre) | kg | 900 |
| 2 | Hair blender | | 9 |
| 3 | Plastic mould | pcs | 1500 |
| 4 | Steel mould | pcs | 600 |
| 5 | Head holder | pcs | 600 |

| Sr.No | Description | | 2 nd Yr (80% Production Capacity) Qty |
|---|---|---|---|
| 1 | Synthetic Hair (fibre) | kg | 1200 |
| 2 | Hair blender | | 12 |
| 3 | Plastic mould | pcs | 2000 |
| 4 | Steel mould | pcs | 800 |
| 5 | Head holder | pcs | 800 |

| Sr.No | Description | | 3rd Yr (100% Production Capacity) Qty |
|---|---|---|---|
| 1 | Synthetic Hair (fibre) | kg | 1500 |
| 2 | Hair blender | | 15 |
| 3 | Plastic mould | pcs | 2500 |
| 4 | Steel mould | pcs | 1000 |
| 5 | Head holder | pcs | 1000 |

နှစ်စဉ်ကုန်ကြမ်းလိုအပ်ချက်မှာ ကုန်အမှာစာအမျိုးအစားပေါ်မူတည်၍ ပြောင်းလဲနိုင်ပါသည်။

လုပ်ငန်းအတွက် ကုန်ပစ္စည်းများ တင်သွင်း တင်ပို့ရာတွင် ရေကြောင်းခရီး လေကြောင်းခရီးတို့ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

လေးစားစွာဖြင့်

MO MO KHIN
MANAGING DIRECTOR
MYANMAR HAIR CO., LTD.

က - ၅၅၉
၈/၄

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း မြန်မာနိုင်ငံသားများ

ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် ရင်းနှီးမြှုပ်နှံလိုသူ၏ ဆောင်ရွက်ရန်

အဆိုပြုချက်

" မြန်မာဆံကေသာ ကုမ္ပဏီလီမိတက် "

# PROPOSAL OF THE INVESTOR FOR MAKING INVESTMENT BY MYANMAR CITIZENS IN THE UNION OF MYANMAR

## " MYANMAR HAIR COMPANY LIMITED"

က - ၁၁၉
၆/၄

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း မြန်မာနိုင်ငံသားများ

ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် ရင်းနှီးမြှုပ်နှံလိုသူ၏ ဆောင်ရွက်ရန်

အဆိုပြုချက်

" မြန်မာဆံကေသာ ကုမ္ပဏီလီမိတက် "

# PROPOSAL OF THE INVESTOR FOR MAKING INVESTMENT BY MYANMAR CITIZENS IN THE UNION OF MYANMAR

## " MYANMAR HAIR COMPANY LIMITED"

EU RA

# Myanmar Hair Co., Ltd.

No. (37), Phan Chet Wun U Shwe Oh Street, Dagon (East) Industrial Zone I, Dagon (East) Myo Thit Tsp,
Yangon. Ph : 585255 , Fax : 585255

သို့

ဥက္ကဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
နေပြည်တော်၊
ပြည်ထောင်စု မြန်မာနိုင်ငံတော်

နေ့စွဲ၊ ၂၀၀၇ ခုနှစ်၊ ဧပြီလ (၆)ရက်။

အကြောင်းအရာ။ ။**<u>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက်များ ပေးပို့ခြင်း။</u>**

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ ကျွန်မတို့၏ Myanmar Hair Co.,Ltd. အနေဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ဆံပင်အတုများကို CMP စနစ်ဖြင့်ထုတ်လုပ်သည့် လုပ်ငန်းလုပ်ကိုင်နိုင်ရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ခွင့်ပြုမိန့်လျှောက်ထားသော ကုမ္ပဏီ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အစိုးရ အဖွဲ့အစည်းအဝေးသို့တင်ပြနိုင်ရန်အတွက် ကျွန်မတို့၏ ကုမ္ပဏီအဆိုပြုလွှာ (၂၂)စုံကို ပေးပို့တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

MYANMAR HAIR COMPANY LIMITED
No. ..........
Date ..........

MO MO KHIN
MANAGING DIRECTOR
MYANMAR HAIR CO., LTD.

EU RA

# Myanmar Hair Co., Ltd.

No. (37), Phan Chet Wun U Shwe Oh Street, Dagon (East) Industrial Zone I, Dagon (East) Myo Thit Tsp, Yangon. Ph : 585255 , Fax : 585255

သို့

ဥက္ကဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
နေပြည်တော်၊
ပြည်ထောင်စု မြန်မာနိုင်ငံတော်

နေ့စွဲ၊ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈)ရက်။

အကြောင်းအရာ။ ။မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက်များ ပေးပို့ခြင်း။

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ ကျွန်မတို့၏ Myanmar Hair Co.,Ltd. အနေဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ဆံပင်အတုများကို CMP စနစ်ဖြင့်ထုတ်လုပ်သည့် လုပ်ငန်းလုပ်ကိုင်နိုင်ရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ခွင့်ပြုမိန့်လျှောက်ထားသော ကုမ္ပဏီ ဖြစ်ပါသည်။

အကြိုစီစစ်ရန် တင်ပြထားသော အဆိုပြုချက်မှ ပြန်လည်ပြင်ဆင်ညှိနှိုင်းရန်ရှိသော အချက်များကို ပြန်လည်ပြင်ဆင်မှုများ ပြုလုပ်ထားပြီး ဖြစ်ပါ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ လိုအပ်သလို ဆက်လက်စီစဥ် ဆောင်ရွက်နိုင်ရန်အတွက် ကျွန်မတို့၏ ကုမ္ပဏီအဆိုပြုလွှာ (၃၀)စုံကို ပေးပို့တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

MO MO KHIN
MANAGING DIRECTOR
MYANMAR HAIR CO., LTD.

Eu Ra

# Myanmar Hair Co., Ltd.

No. (37), Phan Chet Wun U Shwe Oh Street, Dagon (East) Industrial Zone I, Dagon (East) Myo Thit Tsp,
Yangon. Ph : 585255 , Fax : 585255

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
နေပြည်တော်၊

နေ့စွဲ၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ (၁၈)ရက်။

အကြောင်းအရာ။ **။CMP စနစ်ဖြင့် ဆံပင်တုများ ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ရန် အဆိုပြုချက်ကို ပြန်လည်ပြင်ဆင်၍ အသနားခံတင်ပြခြင်း။**

ရည်ညွှန်းချက်။ **။မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၀၂-၀၂-၂၀၀၆) ရက်စွဲပါ စာအမှတ် - ရက-၆(က)/မ-၉၅၈၊ ၉၅၉/၂၀၀၆(၆၅၁)**

ကျွန်တော်များ မြန်မာဆံကေသာကုမ္ပဏီလီမိတက်သည် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ မြန်မာနိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်အတွက် ခွင့်ပြုမိန့်တောင်းခံခဲ့ပါသည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် သတ်မှတ်ချက်နှင့်မကိုက်ညီသဖြင့် ရည်ညွှန်းချက်ပါ စာအတိုင်း အဆိုပြုချက် ပြန်လည်ပေးပို့ခြင်းကို လက်ခံရရှိခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကျွန်တော်များ မြန်မာဆံကေသာ ကုမ္ပဏီလီမိတက်သည် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် ကိုက်ညီသည့် မူလအဆိုပြုချက်အပေါ် အခြေခံ၍ အောက်ပါအချက်များကို ပြန်လည်ပြင်ဆင်တင်ပြ အပ်ပါသည်။

နောက်ဆက်တွဲ (က) ကုန်ကြမ်းပစ္စည်းအသုံးပြုမှုနှင့် ပတ်သက်၍ပြင်ဆင်တင်ပြချက်

(ခ) Norm of products

(ဂ) Annual Raw and Packing Materials to be imported on CMP Basis (Annex-5)

လေးစားစွာဖြင့်

MO MO KH
MANAGING DIRE
MYANMAR HAIR CO.

EU RA

# Myanmar Hair Co., Ltd.

No. (37), Phan Chet Wun U Shwe Oh Street, Dagon (East) Industrial Zone I, Dagon (East) Myo Thit Tsp,
Yangon. Ph : 585255 , Fax : 585255

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

နေပြည်တော်။

နေ့စွဲ၊ ၂၀-၁၁-၂၀၀၆

အကြောင်းအရာ။ ။ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ မူဝါဒနှင့်မကိုက်ညီသည့် ဓာတုပစ္စည်းများ ပယ်ဖျက်ခြင်း။

အထက်ပါကိစ္စနှင့် ပတ်သက်၍ ယခင်က တင်ပြထားသည့် ကုန်ကြမ်းပစ္စည်းများအနက်မှ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ မူဝါဒနှင့် မကိုက်ညီသည့် ကုန်ကြမ်းပစ္စည်းများဖြစ်သော

(1) Human Hair

(2) D Methyl Formamide (DMF)

(3) Epoxy

(4) Polyurethane

(5) Menamen စသည်တို့ကို အသုံးမပြုတော့ပါဟု ဝန်ခံကတိပြုပါသည်။

သို့ဖြစ်ပါ၍ ကုန်ကြမ်းပစ္စည်းအသုံးပြုမှု ရှင်းလင်းချက်နှင့် ကုန်ကြမ်းပစ္စည်းတင်သွင်းမှု ဇယား(၅)တွက် အထက်ပါ ကုန်ကြမ်းပစ္စည်းများ မပါဝင်တော့ပါ။

ထို့အပြင် ယခင်ကတင်ပြထားသည့် ကိုရီးယားနိုင်ငံ Eura Commerce Company Limited နှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံမှ Tianjin Eura Arts an Crafts Company Limited တို့နှင့် ဆံပင်တုများကို CMP စနစ်ဖြင့် ထုတ်လုပ်ရေးနှင့် နည်းပညာဆိုင်ရာအတွက် အော်ဒါလက်ခံရန် သဘောတူခဲ့ပါသည်။ သို့သော်လည်း ယခုအခါတွင် အော်ဒါအပ်နှံသူသည် ကိုရီးယားနိုင်ငံ တစ်ခုတည်းသာဖြစ်ကြောင်း ပြင်ဆင်တင်ပြအပ်ပါသည်။

သို့ဖြစ်ပါ၍ CMP စနစ်ဖြင့် Export, Import လုပ်ရာတွင် ကိုးရီးယားနိုင်ငံ Eura Commerce Company Limited တစ်ခုတည်းဖြင့်သာ ပြုလုပ်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

လေးစားစွာဖြင့်

MO MO KHIN
MANAGING DIRECTOR
MYANMAR HAIR CO., LTD.

# Myanmar Hair Co., Ltd.

No. (37), Phan Chet Wun U Shwe Oh Street, Dagon (East) Industrial Zone I, Dagon (East) Myo Thit Tsp.
Yangon. Ph : 585255 , Fax : 585255

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

နေပြည်တော်။

ရက်စွဲ၊ ၂၀၀၆-ခုနှစ်၊ နိုဝင်ဘာလ (၂၀)ရက်၊

အကြောင်းအရာ။ ။မြန်မာဆံကေသာကုမ္ပဏီလီမိတက်မှ CMPစနစ်ဖြင့် ဆံပင်အတုများ ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် အဆိုပြုချက်ကို ပြန်လည်ပြင်ဆင်တင်ပြခြင်း။

ရည်ညွှန်းချက်။ ။(၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၅-၈-၂၀၀၅) ရက်စွဲပါ စာအမှတ် ရကာ-၆(က)/မ-၉၅၉/၂၀၀၅ (၅၆၄၀)

(၂) ကမာထပြုသူအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တာဝန်ရှိသူများမှ (၈-၈-၂၀၀၅) နေ့တွင် အဆိုပြုလွှာနှင့် ပတ်သက်၍ ညှိနှိုင်းလမ်းညွှန်ခြင်း။

လူကြီးမင်းခင်ဗျား၊

မြန်မာဆံကေသာကုမ္ပဏီလီမိတက်သည် လက်ခစားစနစ်ဖြင့် ဆံပင်တုများထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ခွင့်ပြုမိန့် ရရှိရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံကော်မရှင်သို့ အဆိုပြုလွှာ တင်ပြထားခြင်းကို ရည်ညွှန်းချက်(၁) နှင့် (၂)ပါ ညှိနှိုင်း လမ်းညွှန်ချက်များအရ အောက်ပါအတိုင်း ပြန်လည်ပြင်ဆင် တင်ပြအပ်ပါသည်။

(၁) ရည်ညွှန်းချက်(၁)၊ အချက် ၂(က)အရ မြေဂရန်(မိတ္တူမှန်)နှင့် ပတ်သက်၍ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီး ဌာန၏ လုပ်ထုံးလုပ်နည်းသစ်အရ အဆောက်အဦး ဆောက်လုပ်ပြီးစီးမှသာလျှင် မြေဂရန် ထုတ်ပေးကြောင်း သိရှိရပါသည်။ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)နှင့် သက်ဆိုင်ရာ စက်မှုဇုန်စီမံခန့်ခွဲရေးရုံးများသို့ ထပ်မံသွားရောက်ညှိနှိုင်းပြီး ဖြစ်ပါသည်။ မြေဖိုးငွေအကြေပေးချေထားသည့် ငွေသွင်းချလံများနှင့် မူလ မြေပိုင်ရှင်ထံမှ ပြန်လည်ဝယ်ယူသည့်စာချုပ်တို့ကို ပူးတွဲတင်ပြထားပါသည်။

(၂) ရည်ညွှန်းချက်(၁)၊ အချက် ၂(ခ) အရ လုပ်ငန်းသုံးစက်ပစ္စည်းများ မဝယ်ရသေးပါ။ ယင်းတို့မှာ ပြည်တွင်း ဈေးကွက်တွင် အလွယ်တကူ ဝယ်ယူရရှိနိုင်သော ပစ္စည်းများသာဖြစ်ပြီး ကြိုတင်မှာကြား ဝယ်ယူရမည့် ပစ္စည်းများ မပါဝင်ကြောင်း တင်ပြအပ်ပါသည်။ ဝယ်ယူရန် လုံလောက်သည့် ငွေကြေး အထောက်အထားကို လည်း တင်ပြထားပါသည်။

(၃) ရည်ညွှန်းချက်(၁)၊ အချက် ၂ (ဂ) အရ ရင်းနှီးမြှုပ်နှံမှုတွင် ငွေပမာဏကျပ်သိန်း ၉၀၀ အတွက် ငွေကြေး အထောက်အထားနှင့် ပတ်သက်၍ မြေတန်ဖိုး ကျပ်သိန်း ၂၈၀ ကို ပေးချေပြီးဖြစ်၍ စက်ရုံ ပထမအဆင့် အဆောက်အဦးမှာ ဆောက်လုပ်ပြီးစီးလုနီးပါး ဖြစ်ပါသည်။ ကျန်လုပ်ငန်းများအတွက် လိုအပ်သည့် ငွေကြေး အထောက်အထားကို ပူးတွဲတင်ပြထားပါသည်။

# Myanmar Hair Co., Ltd.

No. (37), Phan Chet Wun U Shwe Oh Street, Dagon (East) Industrial Zone I, Dagon (East) Myo Thit Tsp.
Yangon. Ph : 585255 , Fax : 585255


(၄) ရည်ညွှန်းချက်(၁)၊ အချက် ၂ (ဃ) အရ ပရိဘောဂ နှင့် လုပ်ငန်းသုံးပစ္စည်းများကို မဝယ်ရသေးပါ။ ၄င်းပစ္စည်းများမှာလည်း ကြိုတင်မှာယူဝယ်ရမည့်ပစ္စည်းများ မပါဝင်သောကြောင့် အဆောက်အဦးပြီးစီးမှသာလျှင် ဝယ်ယူမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

(၅) ရည်ညွှန်းချက်(၁)၊ အချက် ၂ (င) အရ ပတ်ဝန်းကျင်တည်နေရာနှင့် အဆောက်အဦးပုံစံကို ပူးတွဲတင်ပြပါသည်။

(၆) ရည်ညွှန်းချက်(၁)၊ အချက် ၂ (စ) အရ မီးဘေးကြိုတင် ကာကွယ်မှုစီမံချက်၊ ကမကထပြုသူ၏ မှတ်ပုံတင်မိတ္တူမှန်တို့ကို ပူးတွဲတင်ပြပါသည်။

(၇) ရည်ညွှန်းချက် (၁)၊ အချက် ၂ (ဆ) အရ လုပ်ငန်းသဘောသဘာဝ ရှင်းလင်းချက်ကိုလည်း တင်ပြထားပါသည်။

(၈) ရည်ညွှန်းချက်(၁)၊ အချက် ၂ (ဇ) အရ CMP စနစ်ဖြင့် ထုတ်လုပ်သည့်ဆံပင်တုများ၏ Reject ရာခိုင်နှုန်း ၁% သို့ ပြင်ဆင်တွက်ချက်တင်ပြထားပါသည်။

(၉) ရည်ညွှန်းချက်(၁)၊ အချက် ၂ (ဈ) အရ ပြည်ပ ပညာရှင်ကို ၃ဦး ပြင်ဆင်ဖော်ပြထားပါသည်။

